**ဒို့မြေကွန်ရက် အဖွဲ့သားများ မှ အမျိုးသားလွှတ်တော်တွင် မေးမြန်းဆွေးနွေးမည့်**
**၂၀၁၂ လယ်ယာမြေဥပဒေကို ပြင်ဆင်ခြင်း ဥပဒေ အပေါ် သဘောထား ထုတ်ပြန်ချက် ထုတ်ပြန်ခြင်း**
**၁၉ ဇူလိုင် ၂၀၁၇ခုနှစ်**

ဒို့မြေကွန်ရက်မှ မြေယာအရေးတက်ကြွလှုပ်ရှားသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အဖွဲ့အစည်းပေါင်း (၄၈) ဖွဲ့မှ တာဝန်ယူ တာဝန်ခံနိုင်သည့် ကိုယ်စားလှယ် (၉၀) ဦးသည် ဖွန်လ ၁၅ ရက်နေ့ ကြေးမုံသတင်းစာပါ ပြည်သူများ အကြံပြုနိုင်ရန် ဖော်ပြထားသော (၁၆) ချက်ပါ လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ နှင့် ပတ်သက်၍ ဆွေးနွေးသုံးသပ်ခြင်းကို ၁၇-၁၉ ဇူလိုင် ၂၀၁၇ တွင် ရန်ကုန်မြို့ ၌ လုပ်ဆောင်ခဲ့ပြီး အောက်ပါ သဘောထားများကို ထုတ်ပြန်ပေးပို့ လိုက်ပါသည်။

၁။ မူလ ၂၀၁၂ လယ်ယာမြေ ဥပဒေ နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ များသည် တိုင်းပြည်၏ ၇၀ ရာခိုင်နှုန်းဖြစ်သော တောင်သူများ၏ သဘောထားများရယူခြင်းမပြုပဲ တိုင်းရင်းသား မိရိုးဖလာမြေယာပိုင်ဆိုင်ခွင့်များနှင့် မြေယာ၏ အရေးကြီးသော ယဉ်ကျေးမှု သမိုင်းတန်ဖိုးများကို လျစ်လျူရှုထားပြီး မြေယာကို စီးပွားရေးအကျိုးအမြတ်သို့ဦးတည်ထားကာ ရောင်းကုန်ကဲ့သို့ သတ်မှတ်ရည်ရွယ်ရေးဆွဲထားသည့်အတွက် လက်ရှိမြေယာပြဿနာများကို ပိုမို ရှုပ်ထွေးဆိုးဝါးစေသည့် ဥပဒေများအဖြစ် ရှုမြင်ပါသည်။ ထို့ပြင် ယခု လယ်ယာမြေ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ သည် ၂၀၁၆ အမျိုးသား မြေအသုံးချမှုမူဝါဒ ကို လိုက်နာခြင်းမရှိ ၊ မူဝါဒကို ဆန့်ကျင်နေသည့်အတွက်လည်း နောက်ကြောင်း ပြန်နေသည် ပြင်ဆင်ချက်အဖြစ် သုံးသပ် တွေ့ရှိရပါသည်။
*ဥပမာအားဖြင့် ရာသီသီးနှံ နှင့် ပတ်သက်သော အချက်အလက် များပြင်ဆင်မှုသည် စီမံကိန်းသီးနှံကဲ့သို့ လိုရာ အနက်အဓိပ္ပာယ် ကောက်နိုင်သောကြောင့် အန္တရာယ် ဖြစ်စေသည့် ပြင်ဆင်ချက် ဖြစ်သည်ဟု သုံးသပ်မိပါသည်။*

၂။ တောင်သူများ နှင့် ပြည်သူများ၏သဘောထား ဆန္ဒများ ပါဝင်ခြင်းမရှိနေဘဲ ရေးဆွဲထားသော ဥပဒေများ ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ မြေယာ လုပ်ပိုင်ခွင့် ၊ လူမှု ဘဝလုံခြုံမှု များကို အကာအကွယ်ပေးနိုင်မှု မရှိနေခြင်း နှင့် အချိန်တိုအတွင်း အပူတပြင်း တရွတ်တိုက်ဆွဲ လုပ်ငန်းစဉ်ဖြစ်နေသည့် အတွက် ယခု လယ်ယာမြေဥပဒေ ပြင်ဆင်သည့် ဥပဒေ ဆွေးနွေး ကြားနာခြင်းအစီအစဉ်သည် လက်ရှိမြေယာပြဿနာများကို ပိုမိုရှုပ်ထွေးစေမည့် အန္တရာယ်ရှိသော လုပ်ငန်းစဉ်ဖြစ်သည်ဟု သုံးသပ်ပါသည်။

၃။ ပြည်သူများမှ ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တောင်သူ ပြည်သူများ၏ အသံ ၊ သဘောထား ၊ ဆန္ဒများကို ထိရောက်စွာ ကြားနာ ရယူခြင်း လုပ်ငန်းစဉ်များမရှိပဲ ယခု လယ်ယာမြေ ဥပဒေ ပြင်ဆင်ခြင်း ဆွေးနွေးကြားနာမှုမှာ ထိရောက်သောပြောင်းလဲမှု မရှိနိုင်သည့်အတွက် လုံးဝ ကန့်ကွက်ပါသည်။

၄။ အဓိကအားဖြင့် လယ်ယာမြေဥပဒေ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်တွင် တောင်သူပြည်သူ သဘောထား ဆန္ဒများ၊ လွတ်လပ်သော ဆွေးနွေးအကြံပြုချက်များ ပါဝင်နိုင်ရန် ပြင်ဆင်သည့်ဥပဒေ ဆွေးနွေး ကြားနာခြင်းအစီအစဉ် အချိန်ဇယားအား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးပါရန် အလေးအနက် တောင်းဆိုပါသည်။

၅။ လွှတ်တော်တွင်း လယ်ယာမြေဥပဒေ ပြင်ဆင်မှု နှင့် ပက်သက်ပြီး ဆွေးနွေးခြင်း၊ ကြားနာမေးမြန်းခြင်း များ မလုပ်ဆောင်မီ သုံးသပ်တွေ့ရှိချက်များကို တွေ့ဆုံဆွေးနွေးလိုပါကြောင်း အသိပေး သဘောထားထုတ်ပြန် အပ်ပါသည်။

ဒို့မြေကွန်ရက် အဖွဲ့သားများ

ဆက်သွယ်ရန်

၁။ ကိုစည်သူ (+၉၅) ၉ ၄၀၃၇၀၆၀၅၂
၂။ မိခမွန်း (+၉၅) ၉ ၄၀၁၆၀၁၈၂၂
၃။ ကိုအဲလက်စ် (+၉၅) ၉ ၇၆၁၇၇၀၁၁၅

**၂၀၁၂ လယ်ယာမြေဥပဒေ ပြင်ဆင်သည့် ဥပဒေ နှင့် ပတ်သက်သည့် သုံးသပ်ခြင်းဆွေးနွေးပွဲအား တက်ရောက်သည့် အဖွဲ့အစည်းများ နှင့် ဒေသများ**

၁) တောင်သူဖွံ့ဖြိုးရေး နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ (ကချင်ပြည်နယ်)
၂) ကချင်ပြည်နယ် တောင်သူလယ်သမားများ အဖွဲ့ (ကချင်ပြည်နယ်)
၃) လီဆူး အရပ်ဖက် လူမှုအဖွဲ့အစည်း (ကချင်ပြည်နယ်)
၄) ကရင်နီပြည်နယ် တောင်သူလယ်သမားသမဂ္ဂ (KSFU) (ကယားပြည်နယ်)
၅) ကယား (ကရင်နီ)ပြည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်လှုပ်ရှားဆောင်ရွက်သည့် ကွန်ရက် (ကယားပြည်နယ်)
၆) ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ (ကယားပြည်နယ်)
၇) ဟူးဖိုးကပေါ်အဖွဲ့ (ကရင်ပြည်နယ်)
၈) ကရင်လူ့အခွင့်အရေးအဖွဲ့ (ကရင်ပြည်နယ်)
၉) ကရင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် လူမှု လှုပ်ရှားရေး ကွန်ရက် (ကရင်ပြည်နယ်)
၁၀) Rights and Peace အဖွဲ့ (ချင်းပြည်နယ်)
၁၁) တီးတိန်လူငယ်အဖွဲ့ (ချင်းပြည်နယ်)
၁၂) မြွေတောင်ဖွံ့ဖြိုးရေးအဖွဲ့ (ချင်းပြည်နယ်)
၁၃) ဘီလင်း အရပ်ဖက်လူမှုအဖွဲ့အစည်းကွန်ရက် (မွန်ပြည်နယ်)
၁၄) မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်း (မွန်ပြည်နယ်)
၁၅) ရခိုင်ပြည်နယ်လုံးဆိုင်ရာ တောင်သူလယ်သမား သမဂ္ဂ (ရခိုင်ပြည်နယ်)
၁၆) မိုင်းပန် လူငယ်အဖွဲ့ (ရှမ်းပြည်နယ်)
၁၇) Tai Youth Network (ရှမ်းပြည်နယ်)
၁၈) ငြိမ်းသံလွင် ဖောင်ဒေးရှင်း (ရှမ်းပြည်နယ်)
၁၉) တောင်သူလယ်သမားနှင့် မြေယာလုပ်သားများသမဂ္ဂ (ရှမ်းပြည်နယ်)
၂၀) သဘာဝပတ်ဝန်းကျင်နှင့် တောင်သူဖွံ့ဖြိုးရေးအဖွဲ့ (ရှမ်းပြည်နယ်)
၂၁) ဒို့မြေ ပြည်သူ့အကျိုးပြု ကွန်ရက် (တွံတေး)
၂၂) လင်းလက်ကြယ် အဖွဲ့ (ရန်ကုန်- ကော့မှူး)
၂၃) သီလဝါ လူမှုဖွံ့ဖြိုးရေးအဖွဲ့ (ရန်ကုန်)
၂၄) Action Group For Farmers' Affairs (မန္တလေး)
၂၅) မိတ္ထီလာ ခရိုင် တောင်သူလယ်သမားကွန်ရက် အဖွဲ့ (မန္တလေး)
၂၆) လူမှုဖွံ့ဖြိုးတိုးတက်ရေး အလင်းတန်း အဖွဲ့ (ရောဝတီ)
၂၇) ရောဝတီတိုင်း တောင်သူ လယ်သမား သမဂ္ဂ (ပုသိမ်)

၂၈) ရောဝတီတိုင်း တောင်သူ လယ်သမား သမဂ္ဂ (ဓနုဖြူ)
၂၉) ရောင်နီဦး အမျိုးသမီး အဖွဲ့ (ရောဝတီ)
၃၀) ပန်းတိုင်ရှင် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး အဖွဲ့ (ရောဝတီ)
၃၁) RDO ( ဒေသဖွံ့ဖြိုးရေး အဖွဲ့- ရောဝတီ)
၃၂) တောင်သူလယ်သမားသမဂ္ဂ (လပွတ္တာ)
၃၃) တောင်သူလယ်သမားသမဂ္ဂ (မြောင်းမြ)
၃၄) တောင်သူလယ်သမားသမဂ္ဂ (မော်လမြိုင်ကျွန်း)
၃၅) ရေကြည်စမ်း အဖွဲ့ (ပဲခူး)
၃၆) တောင်သူရေးရာ လှုပ်ရှားမှု အဖွဲ့ (ပဲခူး)
၃၇) ရန်ကြီးအောင် Institute (စစ်ကိုင်း)
၃၈) ရွှေခြင်္သေ့ တောင်သူ ကွန်ရက် (စစ်ကိုင်း)
၃၉) မကွေး တောင်သူလယ်သမား သမဂ္ဂ
၄၀) မြစ်ကွေ့ရော လူမှုကွန်ရက် (မကွေး)
၄၁) Dawei Development Association (တနင်္သာရီ)
၄၂) တောင်ပိုင်းလူငယ် အဖွဲ့ (တနင်္သာရီ-မြိတ်)
၄၃) တောင်သူလယ်သမားသမဂ္ဂ ( ထားဝယ် )
၄၄) Open Data Myanmar
၄၅) လူငယ်အသိုက်အဝန်း
၄၆) တိုင်းရင်းသား လူမျိုးများ လူထုဖွံ့ဖြိုးရေး ဆုံရပ်
၄၇) မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း
၄၈) ပအိုဝ်းလူငယ် အစည်းအရုံး (PYO)